
# ဆန်စပါးဆိုင်ရာအပတ်စဉ် လေ့လာသုံးသပ် တင်ပြချက်( ၁၉/၂၀၂၃ )


## (၃၁.၅.၂၀၂၃ မှ ၆.၆.၂၀၂၃ ထိ )

၁။ **၂၀၂၂-၂၀၂၃ ခုနှစ်၊ ပြည်တွင်း၊ ပြည်ပစပါးစိုက်ပျိုးထွက်ရှိမှုအခြေအနေ။** ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါးမှ စပါးတင်း (၁၀၉၀.၈၁၈) သန်းထွက်ရှိခဲ့ပါသည်။ ၂၀၂၂-၂၀၂၃ ခုနှစ်၊ နွေစပါးစိုက်ပျိုးရန်လျာထားဧက (၂.၆၃) သန်းအပေါ် ၃၀.၄.၂၀၂၃ ရက်နေ့ထိ ဧက (၂.၆၀) သန်း (၉၉ %) စိုက်ပျိုးနိုင်ခဲ့ပါသည်။ ရိတ်သိမ်းဧက(၁.၆၆) သန်းအပေါ် ပျမ်းမျှအထွက်နှုန်း(၉၇.၂၁)တင်းဖြင့် အထွက်တင်း(၁၆၂.၂၄)သန်း ထွက်ရှိနေပြီဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်၊ မေလ ထုတ်ပြန်သည့် USDA ၏ စာရင်းအရ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာ့စပါးစိုက်ပျိုးမှု ၁၆၆.၃၈ ဟက်တာသန်း **(ဧက ၄၁၀.၉၅၈ သန်း)**၊ အထွက်နှုန်း တစ်ဟက်တာ ၄.၆၇ မက်တန်**(၂၂၃.၇၃၉ တင်း)**၊ စုစုပေါင်းအထွက် မက်တန် ၅၂၀.၅၂ သန်း **(စပါးတင်း ၂၄၉၃၈.၁၁၃ သန်း)**ဖြစ်ပါသည်။

၂။ **ပြည်တွင်း စပါး၊ ဆန်ဈေးနှုန်းအခြေအနေ။** ဧည့်မထအုပ်စုဝင်(၄၆)ပေါင်ကိုက် စပါးတင်း (၁၀၀)ဈေးနှုန်းနှင့် ဧည့်မထ၂၅% အလတ်စ (၁၀၈)ပေါင်ဝင် ဆန် (၁)အိတ် ဈေးနှုန်းများဖြစ်ပေါ်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| စဉ် | တိုင်း/ပြည်နယ် | မြို့နယ် | စပါးအမျိုးအစား | စပါးတင်း(၁၀၀)/ကျပ် | | ဆန်အမျိုးအစား | ဆန်တစ်အိတ်/ကျပ် | |
| | | | | ယခင်ပတ် | ယခုအပတ် | | ယခင်ပတ် | ယခုအပတ် |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| (က) | **ရန်ကုန်တိုင်း** | သန်လျင် | ဧည့်မထ(မိုး) | ၁၄၈၀၀၀၀ | ↑ ၁၅၁၀၀၀၀ | မနောသုခ(မိုး) | ၆၃၀၀၀ | ↑ ၆၅၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၃၁၀၀၀၀ | ▬ ၁၃၁၀၀၀၀ | မနောသုခ(နွေသစ်) | ၅၇၀၀၀ | ▬ ၅၈၀၀၀ |
| (ခ ) | **ဧရာဝတီတိုင်း** | ပုသိမ် | ဧည့်မထ(မိုး) | ၁၇၀၂၀၀၀ | ▬ ၁၇၀၂၀၀၀ | ဧည့်မထ(မိုး) | ၆၈၀၀၀ | ▬ ၆၈၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၆၁၀၀၀၀ | ▬ ၁၆၁၀၀၀၀ | ဧည့်မထ(နွေသစ်) | ၆၄၀၀၀ | ▬ ၆၄၀၀၀ |
| (ဂ ) | **ပဲခူးတိုင်း** | ပဲခူး | ဧည့်မထ(မိုး) | ၁၆၀၀၀၀၀ | ↑ ၁၆၆၀၀၀၀ | ဧည့်မထ(မိုး) | ၆၂၀၀၀ | ↑ ၆၃၅၀၀ |
| | | ပြည် | ဧည့်မထ(မိုး) | ၁၆၀၀၀၀၀ | ↑ ၁၆၅၀၀၀၀ | ဧည့်မထ(မိုး) | ၆၂၀၀၀ | ↑ ၆၃၀၀၀ |
| (ဃ) | **မန္တလေးတိုင်း** | မန္တလေး | ဧည့်မထ(မိုး) | ၁၈၀၀၀၀၀ | ▬ ၁၈၀၀၀၀၀ | ဧည့်မထ(မိုး) | ၆၇၀၀၀ | ▬ ၆၇၀၀၀ |
| | | ပျဉ်းမနား | ဧည့်မထ(မိုး) | ၁၈၀၀၀၀၀ | ↑ ၁၉၀၀၀၀၀ | ဧည့်မထ(မိုး) | ၆၈၀၀၀ | ↑ ၇၀၀၀၀ |
| (င ) | **စစ်ကိုင်းတိုင်း** | ရွှေဘို | ဧည့်မထ(မိုး) | ၁၉၅၀၀၀၀ | ▬ ၁၉၅၀၀၀၀ | ရေမင်း(မိုး) | ၈၀၀၀၀ | ▬ ၈၀၀၀၀ |
| (စ ) | **ရခိုင်ပြည်နယ်** | စစ်တွေ | ဧည့်မထ(မိုး) | ၁၈၅၀၀၀၀ | ▬ ၁၈၅၀၀၀၀ | ရွှေဝါထွန်း(မိုး) | ၈၀၀၀၀ | ↑ ၈၅၀၀၀ |
| (ဆ) | **မွန်ပြည်နယ်** | မော်လမြိုင် | ဧီယာ(မိုး) | ၁၆၃၀၀၀၀ | ↑ ၁၆၅၀၀၀၀ | ဧီယာ(မိုး) | ၆၄၀၀၀ | ▬ ၆၄၀၀၀ |


စပါးတင်း(၁၀၀)ဈေးနှုန်းပြောင်းလဲမှု
၂၂၀၀၀၀၀
၂၀၀၀၀၀၀
၁၈၀၀၀၀၀
၁၆၀၀၀၀၀
၁၄၀၀၀၀၀
၁၂၀၀၀၀၀
၁၀၀၀၀၀၀
၈၀၀၀၀၀
၆၀၀၀၀၀
၄၀၀၀၀၀
၂၀၀၀၀၀
သန့်လျင်
ပုသိမ်
ပဲခူး
ပြည်
မန္တလေး
ပျဉ်းမနား
ရွှေဘို
စစ်တွေ
မော်လမြိုင်
ယခင်အပတ်
ယခုအပတ်


ဆန်မထဆန်(အလတ်စ) တစ်အိတ်ဈေးနှုန်းပြောင်းလဲမှု
၉၀၀၀၀
၈၀၀၀၀
၇၀၀၀၀
၆၀၀၀၀
၅၀၀၀၀
၄၀၀၀၀
၃၀၀၀၀
၂၀၀၀၀
သန့်လျင်
ပုသိမ်
ပဲခူး
ပြည်
မန္တလေး
ပျဉ်းမနား
ရွှေဘို
စစ်တွေ
မော်လမြိုင်
ယခင်ပတ်
ယခုအပတ်

၃။ **ပြည်တွင်း/ပြည်ပဆန်စျေးနှုန်းအခြေအနေ။** စပါး၊ ဆန် အဓိကထုတ်လုပ်တင်ပို့သော နိုင်ငံများ၏ ဆန်တစ်တန် FOB စျေးနှုန်းဖြစ်ပေါ်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | နိုင်ငံ | အမျိုးအစား | စျေးနှုန်း | | | |
|---|---|---|---|---|---|---|
| | | | ၁၅.၅.၂၃ | ၂၂.၅.၂၃ | ၂၉.၅.၂၃ | ၅.၆.၂၃ |
| (က) | ထိုင်း | White Rice ၁၀၀% | ၅၂၄ | ၅၃၀ | ၅၂၅ | ၅၂၅ |
| | | White Rice ၅% | ၅၀၉ | ၅၁၅ | ၅၁၁ | ၅၁၁ |
| | | White Rice ၂၅% | ၄၉၇ | ၄၉၈ | ၄၉၄ | ၄၉၄ |
| | | Parboiled Rice ၁၀၀% | ၅၂၁ | ၅၂၇ | ၅၂၃ | ၅၂၃ |
| (ခ) | ဗီယက်နမ် | White Rice ၅% | ၄၉၂ | ၅၀၂ | ၅၀၂ | ၅၀၂ |
| | | White Rice ၂၅% | ၄၇၂ | ၄၈၇ | ၄၈၇ | ၄၈၇ |
| (ဂ) | ပါကစ္စတန် | White Rice ၅% | ၅၄၇ | ၅၄၇ | ၅၄၂ | ၅၄၂ |
| | | White Rice ၂၅% | ၅၁၂ | ၅၁၂ | ၅၀၇ | ၅၀၇ |
| (ဃ) | အိန္ဒိယ | White Rice ၂၅% | ၄၃၂ | ၄၃၂ | ၄၃၂ | ၄၃၂ |
| (င) | မြန်မာ | White Rice ၅% | ၄၉၅-၅၀၅ | ၅၀၅-၅၁၀ | ၅၀၅-၅၁၀ | ၅၂၀-၅၃၀ |
| | | White Rice ၁၀% | ၄၈၅-၄၉၅ | ၄၉၅-၅၀၅ | ၄၉၅-၅၀၅ | ၅၂၀-၅၃၀ |
| | | White Rice ၁၅% | ၄၈၀-၄၈၅ | ၄၈၅-၄၉၅ | ၄၈၅-၄၉၅ | ၅၂၀-၅၃၀ |
| | | White Rice ၂၅% | ၄၆၅-၄၇၀ | ၄၇၀-၄၇၅ | ၄၇၀-၄၇၅ | ၅၂၀-၅၃၀ |



၄။ **ဆန်လက်ကျန်အခြေအနေ။** ၂.၆.၂၀၂၃ နေ့ရှိ တိုင်းဒေသကြီး/ ပြည်နယ်များ၏ တင်ပြချက်စာရင်းအရ ခန့်မှန်းလက်ကျန်ဆန်တန်မှာ (၄.၉၃၄) သန်း ဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်၊ မေလ ကမ္ဘာ့ဆန်လက်ကျန်မှာ တန်ချိန်(၁၆၆.၆၈၁) သန်းဖြစ်ပါသည်။

၅။ **ပြည်ပဆန်တင်ပို့နိုင်မှုနှင့်ပြည်ပဈေးကွက်။** ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ၁.၄.၂၀၂၃ မှ ၂၆.၅.၂၀၂၃ နေ့ထိ ဆန်တန်ချိန် (၈၆၄၇၉)၊ တန်ဘိုး (၄၀.၅၉၇) USD သန်း တင်ပို့နိုင်ခဲ့ပြီး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အလားတူကာလတွင် ဆန်တန်ချိန် (၂၄၂၇၆၈)၊ တန်ဘိုး (၈၅.၇၃၅) USD သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် ဆန်တန်ချိန်(၁၅၆၂၇၁)၊ တန်ဘိုး (၄၅.၁၃၈) USD သန်း လျော့နည်း တင်ပို့ခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ ဧည့်မထ ၂၅% ဆန် တစ်တန်ပေါက်ဈေးမှာ FOB ၄၉၀ USD ဖြစ်သော်လည်း Earning ဈေး ၂၃၉၁ ကျပ်ဖြင့် တွက်ချက်ပါက FOB အရင်းဈေးနှုန်းမှာ ၅၄၁ USD ဖြစ်နေသဖြင့် ဧည့်မထ ၂၅ % မှာ တွက်ချက်မှုအရ တွက်ခြေကိုက်မှုမရှိကြောင်းသိရှိရပါသည်။

၆။ **ခြုံငုံသုံးသပ်ချက်။** ယခုတစ်ပတ် ပြည်ပဆန်ဝယ်လက်များ အဝယ်အေးနေခြင်း၊ ဆန်ရောင်း နိုင်ငံအချို့ ဆန်ရောင်းအားနည်းခြင်းတို့ကြောင့် အရောင်းအဝယ်အေးပြီး ပို့ကုန်ဆန်ဈေးနှုန်းများ ဈေးငြိမ်နေပါသည်။ ပြည်တွင်းစပါး၊ ဆန်ဈေးကွက်၌ မိုးစပါးလက်ကျန်နည်းလာခြင်း၊ ဈေးကွက်သို့ ဆန်ဝင်ရောက်မှုနည်းခြင်း၊ ဆန်ကုန်သည်များမှ ဝယ်ယူသိုလှောင်မှုများရှိနေခြင်း၊ လျှပ်စစ်မီးပြတ်တောက်မှုကြောင့် ဆန်စက်များလည်ပတ်မှု အားနည်းနေခြင်း၊ လှောင်လက်နှင့် စက်ပိုင်ရောင်းအား နည်းခြင်း၊ ဒေသတွင်းစားသုံးရန်နှင့် ပြည်ပတင်ပို့ရန် ဝယ်လိုအားရှိခြင်းတို့ကြောင့် မြို့နယ်အများစု တွင် စပါး၊ ဆန်ဈေးနှုန်းများ တက်ခဲ့ခြင်းဖြစ်ပါသည်။ ကျန်မြို့နယ်များတွင် စပါး၊ ဆန်ဈေးနှုန်းများငြိမ် နေပြီး ဒေသတွင်းစားသုံးရန်နှင့် ပြည်ပတင်ပို့ရန် ဝယ်လိုအားပုံမှန်ရှိနေကြောင်းသိရှိရပါသည်။